# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၂၁)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်
## (၂၀၁၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၅၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၃.၄၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးကျော်နိုင်ဌေး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီ ဥက္ကဋ္ဌရဲ့ကိုယ်စား ကော်မတီဝင် ကျွန်တော် အင်းတော်မဲဆန္ဒနယ်က ဦးကျော်နိုင်ဌေးကနေပြီးတော့မှ ယနေ့ ခွင့်ပန်ကြားမှာဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားတဲ့ ဦးရေပေါင်းက ၇၀ ဦးရှိပြီးတော့ ယခင်နေ့များက ခွင့်ပန်ကြားထားတဲ့ပုဂ္ဂိုလ်က ၃ ဦးဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားတဲ့ပုဂ္ဂိုလ်များကတော့-

(၁) ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင် ခွင့် ၄ ရက်၊

(၂) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၅ ရက်၊

(၃) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၅ ရက်၊

(၄) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး အစည်းအဝေးပြီးဆုံးသည်ထိ၊

(၅) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၅ ရက်၊

(၆) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်၊

(၇) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၁ ရက်၊

(၈) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၉) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၁ ရက်၊

(၁၀) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၁ ရက်၊

(၁၁) တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ ခွင့် ၂ ရက်၊

(၁၂) ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ် ခွင့် ၁ ရက်၊

(၁၃) ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်း ခွင့် ၁ ရက်၊

(၁၄) ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးမောင်ပါ ခွင့် ၃ ရက်၊

(၁၅) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၅ ရက်၊

(၁၆) မှော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၁ ရက်၊

(၁၇) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၁ ရက်၊

(၁၈) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၁ ရက်၊

(၁၉) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၃ ရက်၊

(၂၀) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၁ ရက်၊

(၂၁) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၁ ရက်၊

(၂၂) ဇဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၅ ရက်၊

(၂၃) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၁၁ ရက်၊

(၂၄) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၁ ရက်၊

(၂၅) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၂ ရက်၊

(၂၆) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွန်းခေါင်လွင် ခွင့် ၁ ရက်၊

(၂၇) ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် ခွင့် ၁ ရက်၊

(၂၈) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း ခွင့် ၁ ရက်၊

(၂၉) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၅ ရက်၊

(၃၀) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၃ ရက်၊

(၃၁) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၃ ရက်၊

**မူကြမ်း**

(၃၂) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၁ ရက်၊

(၃၃) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၁ ရက်၊

(၃၄) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၁ ရက်၊

(၃၅) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ခွင့် ၁ ရက်၊

(၃၆) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၃ ရက်၊

(၃၇) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၃ ရက်၊

(၃၈) မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၃၉) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၄၀) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၅ ရက်၊

(၄၁) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၂ ရက်၊

(၄၂) ကော့သောင်းမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊

(၄၃) ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ် ခွင့် ၁ ရက်၊

(၄၄) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၃ ရက်၊

(၄၅) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းဂျော်နီ ခွင့် ၁ ရက်၊

(၄၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်အောင်ကျော် ခွင့် ၁၂ ရက်၊

(၄၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသန်းနိုင်လွင် ခွင့် ၁၂ ရက်၊

(၄၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမြတ်သိန်း ခွင့် ၁၂ ရက်၊

(၄၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသော်ဇင် ခွင့် ၁၂ ရက်၊

(၅၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဟန်စိုးထွဋ် ခွင့် ၁၂ ရက်၊

(၅၁) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၅ ရက်၊

(၅၂) စဥ့်ကူးမဲဆန္ဒနယ်မှ ဦးအောင်ဆန်း ခွင့် ၂ ရက်၊

(၅၃) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၅၄) သရက်မဲဆန္ဒနယ်မှ ဦးဝင်းကျော် ခွင့် ၄ ရက်၊

(၅၅) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၅ ရက်၊

(၅၆) တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ ခွင့် ၁ ရက်၊

(၅၇) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၁ ရက်၊

**မူကြမ်း**

(၅၈) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၄ ရက်၊

(၅၉) ပုဇွန်တောင်ကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၁ ရက်၊

(၆၀) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးနိုင်လှမောင် ခွင့် ၁ ရက်၊

(၆၁) အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး ခွင့် ၃ ရက်၊

(၆၂) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၁ ရက်၊

(၆၃) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၅ ရက်၊

(၆၄) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၅ ရက်၊

(၆၅) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၁ ရက်၊

(၆၆) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ခွင့် ၁ ရက်၊

(၆၇) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၆၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၇၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မော်လမြိုင်ဆိပ်ကမ်းသို့ ဝင်ထွက်ရာ ရေလမ်းကြောင်း တိုးတက်ကောင်းမွန်စေရေးအတွက် သံလွင်မြစ်အတွင်း သောင်တူးခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(မော်လမြိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဌေးကြွယ် ဖြစ်ပါတယ်။ ကျွန်မမှ သံလွင်မြစ်အတွင်း သဲသောင်တူးခြင်းနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ သံလွင်မြစ်အတွင်း ရေလမ်းကြောင်း ကောင်းမွန်ပြီး ရေယာဉ်များ ဝင်/ထွက်မှုလွယ်ကူစေရန်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် Star High Asia Pacific Pte., Ltd တို့ပူးပေါင်းပြီး သဲသောင်တူးခြင်းလုပ်ငန်းများ လုပ်ဆောင်မည်ဖြစ်ကြောင်း ၃-၄-၂၀၁၄ ရက်နေ့က မော်လမြိုင်မြို့တွင် ရှင်းလင်းတင်ပြမှုပြုလုပ်ခဲ့ပါတယ်။ ထိုရှင်းလင်းပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များအား ဖိတ်ကြားခြင်းမပြုခဲ့ပါ။ ထိုရှင်းလင်းပွဲတွင် သံလွင်မြစ်အတွင်း သဲသောင်တူးခြင်းလုပ်ငန်းနှင့်ပတ်သက်၍ သဲသောင်တူးမည့်နေရာကိုလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့မှ ခွင့်ပြုခဲ့ကြောင်းကိုလည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သတ္တုတွင်းဝန်ကြီးဌာနတို့မှ သဘောတူကြောင်း သဘောထားမှတ်ချက်ရရှိထားပြီးဖြစ်ကြောင်းကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပင်လယ်ပို့ကုန် လိုင်စင်ရရှိထားပြီးဖြစ်ကြောင်းကိုလည်းကောင်း၊ သောင်တူးရေယာဉ်၊ သဲခံရေယာဉ်၊ သဲတူးရေယာဉ်များနှင့် စင်ကာပူနိုင်ငံသို့ ပို့ဆောင်မည့် သဲတင်ရေယာဉ်များ ရောက်ရှိထားပြီးဖြစ်ကြောင်းကိုလည်းကောင်း၊ ပြည်တွင်း သဲခံရေယာဉ်များ ရှိထားပြီးဖြစ်ကြောင်းကိုလည်းကောင်း တင်ပြပြီး ဆောင်ရွက်ထားသောအခြေအနေများကို ရှင်းလင်းခဲ့သည်ဟု သိရှိရပါသည်။ မြန်မာ့ဆိပ်ကမ်း

အာဏာပိုင်အဖွဲ့မှ မိမိတို့၏ ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြခြင်းသာဖြစ်ပြီး ပြည်သူဖြစ်သော ဒေသခံများနှင့် ကြိုတင်ဆွေးနွေးမှုမရှိသည်ကို သိရပါသည်။ ထိုကဲ့သို့ သောင်တူးခြင်းပြုရာတွင် မြစ်ကမ်းပါးပြိုကျနိုင်ခြင်း၊ ဟင်္သာတကျွန်းနှင့် ကျိုက္ကမီကမ်းခြေများတွင် ရေတိုက်စားမှုဖြစ်ပေါ်လာနိုင်ပြီး သဘာဝပတ်ဝန်းကျင်ဖြစ်သော ဒီရေတောများ ပျက်စီးနိုင်သည်ဟု ဒေသခံပြည်သူများက စိုးရိမ်သောကဖြစ်နေကြပါသည်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို ဖြေကြားပေးပါရန် မေးမြန်းအပ်ပါသည်။ (၁) သဲသောင်တူးခြင်းအားဖြင့် ရရှိနိုင်သော ကောင်းကျိုး၊ ဆိုးကျိုးများမှာ အဘယ်နည်း။ (၂) မည်သည့်နေရာတွင် မည်သည့်အနက်အထိ တူးမည်နည်း။ (၃) မည်သည့်ကာလတွင် လုပ်ငန်းပြီးဆုံးမည်နည်း။ (၄) စင်ကာပူနိုင်ငံသို့ တင်ပို့ရောင်းချသော သဲတွင် ဓာတ်သတ္တုအမျိုးအစား၊ အချိုး၊ ရာခိုင်နှုန်း မည်မျှပါဝင်သနည်း။ (၅) သဲသောင်တူးခြင်းလုပ်ငန်းကို မည်သို့သောပုံစံနှုန်းစံများနှင့် တူးနေပါသနည်း။ (၆) ထိုကဲ့သို့ သဲရောင်းချခြင်းအားဖြင့် နိုင်ငံတော်မှ အကျိုးအမြတ်ငွေကြေးမည်မျှ ရရှိမည်နည်း။ စသည့်မေးခွန်းများကို ဖြေကြားပေးပါရန် ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံကြပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ မော်လမြိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဌေးကြွယ်၏ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့တို့၏ ဖြေကြားချက်များကို ပေါင်းစပ်ဖြေကြားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အဓိကမြစ်ကြီးတစ်စင်းဖြစ်တဲ့ သံလွင်မြစ်ဟာ တရုတ်နိုင်ငံ တိဘက်ကုန်းမြင့်ဒေသမှ မြစ်ဖျားခံစီးဆင်းလာပြီး မြန်မာနိုင်ငံရှိ ရှမ်းကုန်းမြေမြင့်ကို ထပ်မံဖြတ်သန်းစီးဆင်းသဖြင့် မြစ်ကြမ်းပြင် ဆင်ခြေလျှောမှာ မတ်စောက်တဲ့အတွက် ရေစီးသန်တဲ့မြစ်တစ်စင်းဖြစ်ပြီး ရေကြောင်းသွားလာရေးခက်ခဲပါတယ်။ သံလွင်မြစ်မှာ ရေကြောင်းသွားလာနိုင်သော အကွာအဝေးမှာ သံလွင်မြစ်ဝမှ ရွှေဂွန်းအထိ အလျား ၃၈၈ ကီလိုမီတာ ခန့်သာ အသုံးပြုနိုင်ခဲ့ပါတယ်။

**မူကြမ်း**

သံလွင်မြစ်ဝမှ မော်လမြိုင်ဆိပ်ကမ်းအထိမှာ သင်္ဘောကြီးများ ဝင်/ထွက်သွားလာလျက်ရှိပါတယ်။ သို့သော် ရာသီဥတုပြောင်းလဲလာခြင်း၊ မြေအသုံးချစနစ်ပြောင်းလဲလာခြင်းများနဲ့အတူ မြစ်ရေအတွင်း သဲနုန်းပါဝင်စီးဆင်းမှုများ မြင့်မားလာကာ အနည်ပို့ချမှုများ တိုးမြင့်လာခဲ့တဲ့အတွက် အကျိုးဆက်အားဖြင့် မော်လမြိုင်မြို့ရှိ ဆိပ်ကမ်းမှာလည်း တဖြည်းဖြည်းတိမ်ကောစပြုလာရာ လုံလောက်သော ရေစူးရရှိရန် ခက်ခဲလာပါတယ်။ ဒါ့ကြောင့် မော်လမြိုင်မြို့ဆိပ်ကမ်းအထိ ရေယာဉ်ကြီးများ ဝင်/ထွက်သွားလာနိုင်ရေးအတွက် သောင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။ သောင်တူးဖော်ရာမှာ ကမ်းပါးတည်ငြိမ်မှုမထိခိုက်စေရန်နဲ့ ရေကြောင်းဖွံ့ဖြိုးတိုးတက်စေဖို့အတွက် တူးဖော်သင့်တဲ့ ရေအနက်ကိုသတ်မှတ်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။ အခြားတစ်ဘက်မှာလည်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးကို အလေးထားဆောင်ရွက်ရမှာဖြစ်ပါတယ်။ သံလွင်မြစ်အတွင်း မော်လမြိုင်မြစ်ကြောင်း သောင်တူးလုပ်ငန်းအား ထိရောက်အောင်မြင်မှုရှိစေရေးနဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအနည်းဆုံးအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ်(၁၃/၂၀၁၄) ဆုံးဖြတ်ချက်အရ ဖွဲ့စည်းခဲ့တဲ့ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး(ရေကြောင်း) ဥက္ကဋ္ဌအဖြစ်ဖွဲ့စည်းထားရှိတဲ့ ပြည်ပသို့ သဲထုတ်လုပ်တင်ပို့နိုင်ရေးကြီးကြပ်မှုကော်မတီမှ စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပသို့ သဲတင်ပို့ခွင့်နှင့်ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာနမှ Focal Ministry အဖြစ် ဆောင်ရွက်ပေးလျက်ရှိပြီး ပို့ဆောင်ရေးဝန်ကြီးဌာနမှ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာနတို့၏ ထောက်ခံချက်များဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ပို့ကုန်လိုင်စင်ခွင့်ပြုပေးရန် အကြောင်းကြားလာပါက ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါတယ်။ သံလွင်မြစ်အတွင်း သောင်တူးခြင်းကြောင့် ရရှိလာနိုင်တဲ့ ကောင်းကျိုးများကို တင်ပြရမယ်ဆိုရင် (က) မော်လမြိုင်ဆိပ်ကမ်းသို့ ဝင်/ထွက်ရာ ရေလမ်းကြောင်း ကောင်းမွန်လာပြီး ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာဝင်/ထွက်လာနိုင်ခြင်းကြောင့် ကုန်စည်စီးဆင်းမှုလျင်မြန်ချောမွေ့လာပြီး ဝင်ငွေတိုးတက်ရရှိနိုင်ခြင်း၊ (ခ) မဖြစ်မနေဆောင်ရွက်ရမယ့် မြစ်ကြောင်းရှင်းလင်းရေးလုပ်ငန်းကို ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုခြင်းဖြင့် နိုင်ငံတော်ဘဏ္ဍာငွေမှ သောင်တူးလုပ်ငန်းများအတွက် ငွေကြေးအမြောက်အများ ကျခံသုံးစွဲရန်မလိုတော့ခြင်း၊ (ဂ) သောင်တူးလုပ်ငန်းဆောင်ရွက်ရာမှာ ထွက်ပေါ်လာတဲ့သဲများအား ပြည်ပနိုင်ငံသို့ရောင်းချခြင်းအား

ဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိနိုင်ခြင်း စတဲ့ ကောင်းကျိုးများရရှိပါတယ်။ (ဃ) ရေလမ်းကြောင်းကောင်းမွန်လာပြီး လုံလောက်သော ရေအနက်ပေရရှိလာသောကြောင့် ကုန်ပိုမိုတင်ဆောင်နိုင်သဖြင့် သယ်ယူပို့ဆောင်ရေးစရိတ်များ ကျဆင်းလာခြင်းတို့ဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

လက်ရှိဖြစ်ပေါ်နေတဲ့ သောင်တူးမှုကြောင့် ရေလမ်းကြောင်းတိမ်ကောလာမှုများကို သောင်တူးဖော်ရခြင်းဖြစ်တဲ့အတွက် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို ထိခိုက်မှု အနည်းအကျဉ်းရှိနိုင်မှာဖြစ်ပါတယ်။ ရေစူး ၆ မီတာရှိသော ရေယာဉ်များ ဝင်/ထွက်နိုင်ရေးအတွက် ၆.၅ မီတာ ရေအနက်ရရှိရေးအထိ သောင်တူးဖော်ရန်လိုအပ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် Star High Aisa Pacific (Pte.,Ltd) တို့ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်နေ့မှာ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းမှာ တစ်နှစ်ဖြစ်ပါတယ်။ စာချုပ်သက်တမ်းပြီးဆုံးပါက မော်လမြိုင်မြစ်ကြောင်းတစ်လျှောက်တိုင်းတာရေး Survey ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ရေလမ်းကြောင်း ထိန်းသိမ်းရေးအား နှစ်စဉ်ဆက်လက်ဆောင်ရွက်ရမှာလည်း ဖြစ်ပါတယ်။ လိုအပ်သော ရေစူး ၆.၅ မီတာရရှိပါက လုပ်ငန်းပြီးဆုံးမှာဖြစ်ပါတယ်။ စာချုပ်အရ တစ်နှစ်မှာ သဲတန်ချိန် ၁.၅ ကုဗမီတာသန်း ထုတ်လုပ်နိုင်မှာဖြစ်ပြီး တစ်ကုဗမီတာလျှင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာနှုန်း ပေးသွင်းမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်မှ အမေရိကန်ဒေါ်လာ ၁.၅ သန်းရရှိမှာဖြစ်ပါတယ်။

သတ္တုတွင်းဝန်ကြီးဌာနရဲ့ ဖြေကြားချက်အရ ပြည်ပသို့ တင်ပို့ရောင်းချရန်ကိစ္စနှင့်ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတ္တုတွင်းဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်တောင်းခံလာတဲ့အခါမှာ သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့စေလွှတ်ပြီး ကိုယ်စားပြုနမူနာရရှိပြီး ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနဲ့ ရရှိသော သတ္တုသားပါဝင်မှုရာခိုင်နှုန်းအရ ရောင်းချမယ့် သဲတန်ချိန်များမှာ ပါဝင်တဲ့သတ္တုအမျိုးအစားပမာဏရဲ့တန်ဖိုးမှ ဓာတ်သတ္တုခွန် ၃ ရာခိုင်နှုန်း ကျသင့်ငွေအား သတ္တုတွင်းဝန်ကြီးဌာနမှ ကောက်ခံဆောင်ရွက်ခြင်းအား ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် Star High Aisa Pacific (Pte.,Ltd) တို့ အကျိုးတူပူးပေါင်း၍ မော်လမြိုင်ဆိပ်ကမ်းသို့ ဝင်/ထွက်ရာ ရေကြောင်းလမ်းတစ်လျှောက် သောင်တူးဖော်ခြင်း၊ သဲထောက်ပံ့ပေးသွင်းခြင်းဆိုင်ရာစာချုပ်အရ ဆောင်ရွက်မယ့်ကာလ တစ်နှစ်၊ သဲတန်ချိန် ၂.၈၅ သန်း တန်အတွက် သတ္တုတွင်းဝန်ကြီးဌာန ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ ကိုယ်စားပြု

နမူနာများရယူပြီး စစ်ဆေးရာမှာ အလေးစီးဓာတ်သတ္တု (Heavy Mineral) များပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရတဲ့အတွက် ပါဝင်တဲ့သတ္တုများတန်ဖိုးဖြစ်တဲ့ အမေရိကန်ဒေါ်လာ ၉၈၉၂၃.၅ အပေါ် ဓာတ်သတ္တုခွန် ၃ ရာခိုင်နှုန်းအတွက် အမေရိကန်ဒေါ်လာ ၂၉၆၇.၇၀၅ ဒေါ်လာကို ကုမ္ပဏီမှ သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနသို့ ပေးသွင်းစေခဲ့ကြောင်း သိရှိရပါတယ်။

မွန်ပြည်နယ် အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ မော်လမြိုင်မြစ်ကြောင်း သောင်တူးလုပ်ငန်းအား ထိရောက်အောင်မြင်မှုရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ပသို့ သဲထုတ်လုပ်တင်ပို့ရေး ကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**လွိုင်လင်မြို့တွင် ခရိုင်စီမံကိန်းဦးစီးရုံး အဆောက်အအုံဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်သီ၊ လွိုင်လင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာရှိတဲ့ လွိုင်လင်မြို့ဟာ ခရိုင်ရုံးစိုက်ရာမြို့ဖြစ်ပါတယ်။ လွိုင်လင်ခရိုင် စီမံကိန်းဦးစီးရုံးသည် စီမံကိန်းဦးစီးရုံးဝန်ထမ်းအိမ်ရာ အဆောက်အဦတွင်ရုံးဖွင့်လှစ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဒေသဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ရေးဆွဲပြုစုလျက်ရှိတဲ့ ခရိုင်စီမံကိန်းဦးစီးရုံးဟာ ရုံးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရုံးအဆောက်အဦရှိရန် မဖြစ်မနေလိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့ အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့တွင် ခရိုင်စီမံကိန်းဦးစီးရုံးအဆောက်အဦ ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ အစီ

အစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို၊ ဆောက်လုပ်ပေးမည်ကို သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ မေးမြန်းတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင် လွိုင်လင်မြို့တွင် ခရိုင်စီမံကိန်းဦးစီးရုံးအဆောက်အဦ ဆောက်လုပ်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကိုသိလိုခြင်းနှင့် မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ကျွန်မ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ လွိုင်လင်ခရိုင်တွင် လွိုင်လင်မြို့နယ် စီမံကိန်းရုံးသာရှိပြီးတော့ ခရိုင်စီမံကိန်းရုံး မရှိသေးတာမှန်ပါတယ်။ ဒါကြောင့်မို့လို့ လွိုင်လင်ခရိုင် စီမံကိန်းရုံးဆောက်လုပ်ဖို့အတွက် လွိုင်လင်မြို့ ရပ်ကွက်(၂)၊ အကွက်အမှတ်(၈၂)၊ ဦးပိုင်အမှတ် (၃-ဆ) (၃-ဇ)၊ ဧရိယာ ၀.၉၂၄ ဧကမှာရှိတဲ့ မြေနေရာကို ခွင့်ပြုပေးနိုင်ဖို့အတွက် လွိုင်လင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၂-၄-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၄/၉-၁(၆၅၅)/ဦး ၁ နဲ့ ကျွန်မတို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။ မြေနေရာရရှိပါက လွိုင်လင်ခရိုင် စီမံကိန်းဦးစီးရုံးကို ဆောက်လုပ်ဖို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လွိုင်လင်ခရိုင် စီမံကိန်းဦးစီးရုံးအဆောက်အဦကို ၆၂ ပေ x ၅၈ ပေ၊ RC နှစ်ထပ် အဆောက်အဦ ဆောက်လုပ်မှာဖြစ်ပြီးတော့ တန်ဖိုးငွေကျပ် သိန်း ၁၅၀၀ နီးပါးကို ကျွန်မတို့လျာထားပြီး ဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။ ကျွန်မတို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ စီမံကိန်းရေးဆွဲရေးဦးစီးဌာနအနေနဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ကတည်းကနေပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်စီမံကိန်းဦးစီးရုံးတွေရဲ့ အရအသုံးဘတ်ဂျက်ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကို ထည့်သွင်းခဲ့ဝေထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွိုင်လင်ခရိုင် စီမံကိန်းရုံးအတွက် မြေနေရာရရှိပြီးဖြစ်မယ်ဆိုရင် ရှမ်းပြည်နယ်အစိုးရရဲ့ဘတ်ဂျက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဖြည့်စွက်

ရန်ပုံငွေမှာတောင်းခံပြီးတော့ ရရှိမယ်ဆိုရင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ၄၀ ရာခိုင်နှုန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ၆၀ ရာခိုင်နှုန်း ဆောက်လုပ်သွားဖို့အတွက် ကျွန်မတို့ စီစဉ်ထားရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ဖြည့်စွက်ရန်ပုံငွေမှာ မရရှိဘူးဆိုရင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ထည့်သွင်းတောင်းခံပြီးတော့ အဆောက်အဦဆောက်လုပ်သွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**မချမ်းဘောမြို့နယ် ပြည်သူ့ဆေးရုံတွင် ဖွဲ့စည်းပုံအတိုင်း ဝန်ထမ်းအင်အားခန့်ထားရန်နှင့် နယ်လှည့်ဆေးအဖွဲ့တွင် ဆရာဝန်နှင့် ဝန်ထမ်းအင်အား အပြည့်အဝခန့်ထားရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအင်ဖုန်ဆန်း၊ မချမ်းဘောမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအင်ဖုန်ဆန်း(မချမ်းဘောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကချင်ပြည်နယ်၊ မချမ်းဘောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအင်ဖုန်ဆန်းအနေနဲ့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ မချမ်းဘောမြို့ ပြည်သူ့ဆေးရုံကို ၁၉၅၉-၁၉၆၀ ခုနှစ်၊ နယ်ခြားဒေသအုပ်ချုပ်ရေးဌာန အရှေ့ပူတာအို နယ်ခြားခရိုင်ဝန်ရုံးကို မချမ်းဘောမြို့၌ ရုံးစိုက်ချိန်မှစပြီး ဖွင့်လှစ်ခဲ့ရာ ယခုဆိုရင် နှစ်ပေါင်း ၅၄ နှစ်ကျော် ကြာမြင့်ပြီး ဖြစ်ပါတယ်။ ယခင်က မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆရာဝန်နဲ့ ဝန်ထမ်းအင်အားဖွဲ့စည်းပုံအပြည့်ဖြင့် ပြည်သူလူထုရဲ့ ကျန်းမာရေးလုပ်ငန်း ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ မြို့နယ် နယ်လှည့်ဆေးအဖွဲ့အနေနဲ့လည်း မချမ်းဘော၊ နောင်မွန်းနဲ့ ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ နယ်စပ်ကျေးရွာများအထိ ကျန်းမာရေးပညာပေးလုပ်ငန်းနှင့် ဆေးဝါးကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ယခုအခါ မချမ်းဘောမြို့ ပြည်သူ့ဆေးရုံနဲ့ နယ်လှည့်ဆေးအဖွဲ့တွင် ဆရာဝန်နဲ့ ဝန်ထမ်းအင်အား မပြည့်စုံပါသဖြင့် လူနာများဟာ ငွေကုန်ကြေးကျခံပြီး ပူတာအို၊ မြစ်ကြီးနား စသောဆေးရုံကြီးများသို့ သွားရောက်ကုသနေရပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူလူထုရဲ့ ကျန်းမာရေးအဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ အောက်ပါမေးခွန်းများ မေးမြန်းတင်ပြအပ်ပါတယ်။ (၁) ကချင်ပြည်နယ်၊ မချမ်းဘောမြို့ ပြည်သူ့ဆေးရုံ၌ ဖွဲ့စည်း

ပုံအတိုင်း ဝန်ထမ်းအင်အားခန့်ထားရန် အစီအစဉ်ရှိ/မရှိ၊ (၂) ဝေးလံခက်ခဲသော နယ်စပ် ဒေသရှိ တိုင်းရင်းသားပြည်သူများရဲ့ ကျန်းမာရေးလုပ်ငန်း အနီးကပ်ဆောင်ရွက်နိုင်ရန် လက်ရှိ မချမ်းဘောမြို့ နယ်လှည့်ဆေးအဖွဲ့ (Touring Team) တွင် ဆရာဝန်ဝန်ထမ်းအင်အားအပြည့်အဝ ခန့်ထားရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေလို့ ရိုသေစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ တင်ပြပါ ကချင်ပြည်နယ်၊ မချမ်းဘောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းအား ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဖြစ်သူ မိမိမှ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည် ရှင်းလင်းတင်ပြသွားပါမယ်။ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ ခုတင် ၂၀၀ ဆံ့ဆေးရုံများနှင့် ခုတင် ၅၀ ဆံ့ဆေးရုံများအား စံကိုက်ဆေးရုံများအဖြစ်သို့ ပြင်ဆင်ခဲ့ပြီး ဖြစ်ပါတယ်။ ထို့အတူ ခုတင် ၁၀၀ ဆံ့ဆေးရုံများအား စံကိုက်ဖွဲ့စည်းပုံပြင်ဆင်နိုင်ရေးအတွက် စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးသို့ တင်ပြခဲ့ရာ သဘောတူညီမှုရရှိခဲ့ပြီး ဖြစ်ပါတယ်။ ထို့အပြင် ၂၅ ခုတင်ဆံ့ဆေးရုံများကိုလည်း စံကိုက် ပုံစံသို့ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ မချမ်းဘောမြို့နယ် ပြည်သူ့ဆေးရုံအား ကျန်းမာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နှစ်အလိုက်စီမံကိန်းများတွင် ဦးစားပေးအစီအစဉ်အရ ၂၅ ခုတင် စံကိုက် ဆေးရုံသို့ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း တင်ပြပါတယ်။ ထိုသို့ စံကိုက်ဆေးရုံအဖြစ် ဖွဲ့စည်းခွင့် ရရှိပါက အင်အားအပြည့် ဖွဲ့စည်းခန့်အပ်သွားမည်ဖြစ်ကြောင်းလည်း ဆက်လက်တင်ပြလိုပါတယ်။ ထို့အတူ မချမ်းဘောမြို့နယ် ပြည်သူ့ဆေးရုံတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတစ်ဦးအား လည်းကောင်း၊ လက်ထောက်ဆရာဝန် တစ်ဦးအားလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ခန့်အပ်ခဲ့ပြီးဖြစ်ရာ ၁၁-၁၀-၂၀၁၂ ရက်နေ့မှစတင်၍ အလုပ်တာဝန်များကို ထမ်းဆောင်လျက်ရှိပါ တယ်။ အထက်တန်းသူနာပြုခွင့်ပြုတစ်ဦး၊ ခန့်ထားတစ်ဦး၊ သူနာပြုခွင့်ပြုနှစ်ဦး၊ ခန့်ထားနှစ်ဦး၊ နယ်လှည့်ဆေးအဖွဲ့တွင် သူနာပြုတစ်ဦး၊ ခန့်ထားတစ်ဦးကို အင်အားဖြည့်ခဲ့ပြီး ဖြစ်ပါတယ်။

**မူကြမ်း**

၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် သစ်လွင်လက်ထောက်ဆရာဝန် ၁၈ ဦးအား ထပ်မံ၍ခန့်အပ်ထားပြီး ကချင်ပြည်နယ်သို့ တာဝန်ချထားမည်ဖြစ်ရာ ကချင်ပြည်နယ် ကျန်းမာရေးဦးစီးမှူးရုံး၏ အစီအစဉ်ဖြင့် နယ်လှည့်ဆရာဝန်အား မချမ်းဘောမြို့နယ်သို့ အလှည့်ကျတာဝန်များထမ်းဆောင်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မြို့နယ်များရှိ ကျေးရွာအုပ်စုတိုင်း၌ ကျေးလက်ကျန်းမာရေးဌာနခွဲများ ခွင့်ပြုပေးရန်နှင့် သားဖွားခန်းများတွင် သားဖွားခုတင်များချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ မြို့နယ်များရှိ ကျေးရွာအုပ်စုတိုင်းမှာ ကျေးလက်ကျန်းမာရေးဌာနခွဲများ ချထားပေးနိုင်ခြင်းရှိ/မရှိနှင့် ကျန်းမာရေးဌာနခွဲများတွင် သားဖွားခုတင်များ ချထားပေးနိုင်ခြင်းရှိ/မရှိ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာအုပ်စုတိုင်းမှာ ကျန်းမာရေးဝန်ကြီးဌာနမှ ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ အပြည့်အဝချထားပေးနိုင်မှု မရှိတဲ့အတွက် ဆရာ/ဆရာမများအနေနဲ့ တစ်ဦးကို ကျေးရွာအုပ်စု နှစ်အုပ်စု၊ သုံးအုပ်စုပေါင်း၍ တာဝန်ယူနေရသည့် အနေအထား ရှိပါတယ်။ ကျွန်တော်တို့မြို့နယ်ရှိ တချို့ကျေးရွာများမှာ ကျေးရွာခွဲပေါင်း ၁၀ ရွာမှ ၁၄ ရွာအထိ ရှိနေကြတဲ့အတွက် ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝဆောင်ရွက်နိုင်မှုမရှိဘဲ မနိုင်မနင်းဆောင်ရွက်နေရကြောင်း တွေ့ရှိရပါတယ်။ ကျောင်းကုန်းမြို့နယ်အနေနဲ့ ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ၆၅ အုပ်စု ရှိသော်လည်း ကျေးလက်ကျန်းမာရေးဌာန ငါးခုနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၅ ခုသာရှိ၍ ဆရာမတစ်ဦးတည်း နှစ်အုပ်စု၊ သုံးအုပ်စုပေါင်း၍ ကျေးရွာခွဲပေါင်း ၁၅ ရွာမှ ၂၀ ရွာ အထိ တာဝန်ယူဆောင်ရွက်နေရပါတယ်။

ကျေးလက်ကျန်းမာရေးဌာနခွဲများရဲ့ အဓိကဆောင်ရွက်မှုဟာ ကာကွယ်ဆေးထိုး/ဆေးတိုက် လုပ်ငန်းနဲ့ မီးဖွားခြင်းလုပ်ငန်းများကို ဆောင်ရွက်နေရတဲ့အတွက် မီးဖွားရာ၌ အမှန်တကယ်လိုအပ်တဲ့ မီးဖွားခုတင်များလည်း အထူးလိုအပ်လျက်ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲများဟာ ကျေးလက်ဒေသများအတွက် အမှန်တကယ်လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိစေပြီး မိခင် နှင့်ကလေးသေနှုန်းကိုလည်း ကျဆင်းစေတဲ့အပြင် ကျန်းမာရေးအသိပညာများလည်း ရရှိစေပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲမရရှိတဲ့ ကျေးရွာအုပ်စုများမှာလည်း ကျေးလက်ကျန်းမာရေးဌာနခွဲများ ရရှိရေးအတွက် ကိုယ်ထူကိုယ်ထအဆောက်အဦများကို ဆောက်လုပ်ထားရှိပြီး သက်ဆိုင်ရာဌာန အဆင့်ဆင့်သို့ တင်ပြထားကြောင်းလည်း သိရှိရပါတယ်။ ဒါကြောင့်မို့ ကျေးရွာအုပ်စုတိုင်းမှာ ပြည်သူ များ ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ရန် ကျေးလက်ကျန်းမာရေးဌာနခွဲများ ရှိသင့်ပါတယ်။

သို့ပါ၍ အောက်ပါမေးခွန်းကို မေးမြန်းလိုပါတယ်။ (၁) ကျေးရွာအုပ်စုတိုင်း၌ ကျေးလက် ကျန်းမာရေးဌာနခွဲများ၊ ခွင့်ပြုချထားပေးနိုင်ခြင်းရှိ/မရှိနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲများ၌ မွေးဖွား ခုတင်များ ချထားပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဧရာဝတီ တိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၏ မေးခွန်း အား ကျွန်တော့်အနေဖြင့် ပြန်လည်ရှင်းလင်းတင်ပြသွားပါမယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တွင် တိုင်းဒေသကြီး/ ပြည်နယ် ၁၄ ခုအတွင်း မြို့နယ်ပေါင်း ၃၃၀ ရှိပြီး၊ ကျေးရွာပေါင်း ၁၃၆၁၈ အုပ်စု၊ ကျေးရွာပေါင်း ၆၄၁၃၄ ရွာရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသည် ပြည်သူ လူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ကျေးရွာ ၆၀၇ ရွာတွင် တိုက်နယ်ဆေးရုံ ၆၀၇ ရုံကိုလည်းကောင်း၊ တိုက်နယ်ကျန်းမာရေးဆေးရုံများဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အပြင် ကျေးရွာပေါင်း ၁၆၉၆ ရွာတွင် ကျေးလက်ကျန်းမာရေးဌာနများဖွင့်လှစ်၍ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ကျေးလက်ကျန်းမာရေး ဌာနခွဲများတွင် သားဖွားဆရာမ ၁၁၃၄၆ ဦးနှင့်

ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) ၉၇၂၈ ဦးအား ခန့်ထားတာဝန်ပေး၍ ကျေးရွာအုပ်စုများတွင် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျေးရွာအုပ်စု တိုင်းကို လွှမ်းခြုံမှုပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ရာ ကျေးရွာတိုင်းတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအနေဖြင့် ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း နှစ်စဉ်မြို့နယ်များ၏ လိုအပ်ချက်နှင့်အညီ ကျေးလက်ကျန်းမာရေးဌာန ၆၀၊ ကျေးလက်ကျန်းမာရေးဌာနခွဲအနည်းဆုံး ၂၄၀ တိုးမြှင့်ဖွင့်လှစ်နိုင်ရန်အတွက် ငါးနှစ်စီမံကိန်းတွင် ထည့်သွင်းရေးဆွဲထားခဲ့တယ်။ ထို့အပြင် နယ်မြေဒေသ၏ လိုအပ်ချက်နှင့်အညီ တိုးချဲ့ဖွင့်လှစ်နိုင်ရန်အတွက် စီစဉ် ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ် နိုင်ရန်အတွက် အခြေခံမူများလည်း သတ်မှတ်ထားရှိခဲ့ပါတယ်။ တင်ပြပါအခြေခံမူများမှာ (က) ဖွင့် လှစ်မည့်ကျေးရွာသည် ဗဟိုအချက်အချာကျခြင်း၊ (ခ) လူဦးရေနှင့် အိမ်ခြေများပြားပြီး လူဦးရေသိပ်သည်းမှုများပြားခြင်း၊ (ဂ) လူဦးရေ ပျမ်းမျှ အနည်းဆုံး ၃၀၀၀ ဦးမှ အများဆုံး ၅၀၀၀ ဦး ခန့်ကို လွှမ်းခြုံနိုင်ခြင်း၊ (ဃ) လမ်းပန်းဆက်သွယ်မှုအခြေအနေကောင်းမွန်ခြင်း၊ (င) စီးပွားရေးအချက်အချာနဲ့ ဖွံ့ဖြိုးမှုအလားအလာရှိခြင်း၊ (စ) နောင်တွင် ကျန်းမာရေးဌာနဖွင့်လှစ်ပေးနိုင်မည့် အခြေအနေရှိခြင်း တို့အပေါ်ကိုလည်း ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ရာ ကျေးရွာတိုင်းတွင် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်နိုင်ခြင်း အစီအစဉ်မရှိသေးသော်လည်း ဒေသလိုအပ်ချက်များကို စီမံကိန်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒုတိယမေးခွန်းအနေနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲရှိ မွေးခန်းများအတွက် မွေးဖွားခုတင်များအား ထောက်ပံ့ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ကျောက်ထုမြို့နယ်ခွဲ တိုက်နယ်ဆေးရုံတွင်လိုအပ်သော ဆရာဝန်နေအိမ်၊ ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာနှင့်ရင်ခွဲရုံများဆောက်လုပ်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဌေးမောင်၊ ဆောမဲဆန္ဒနယ်ကိုယ်စား ဦးခင်မောင်ဌေး၊ ထီးလင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ဌေး(ထီးလင်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများနှင့် လေ့လာရေးရောက်ရှိနေကြသော ဧည့်သည်တော်အပေါင်းမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ထီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဆောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင်ကိုယ်စား ကျန်းမာရေး ဝန်ကြီးဌာနနှင့် သက်ဆိုင်သော မေးခွန်းကိုတင်သွင်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ် ကျောက်ထုမြို့နယ်ခွဲဟာ ရပ်ကွက်ကျေးရွာ ၆၃ အုပ်စု လူဦးရေ အားဖြင့် ၃၃၀၀၀ ကျော်ရှိပါတယ်။ တိုက်နယ်ဆေးရုံတစ်ရုံလည်းရှိပါတယ်ခင်ဗျား။ အဆိုပါ ဆေးရုံကို ယခင် နေရာဟောင်းမှ ယခုနေရာသစ်သို့ ၉-၁၀-၂၀၀၃ ခုနှစ်က ပြောင်းရွှေ့ဆောက်လုပ်ခဲ့တာဖြစ် ပါတယ်။ မြေအကျယ်အဝန်းအားဖြင့် ဧရိယာ ၃.၉၇၁ ဧရိယာကျယ်ဝန်းပါတယ်။ ဆရာဝန်နေအိမ် အတွက်မြို့ထဲမှာ ယခင်က ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ခဲ့တဲ့ အိမ်တွေရှိပြီးတော့ ယခုလက်ရှိ ဆရာဝန်နေထိုင်ခဲ့ပါတယ်ခင်ဗျား။ ယခုအချိန်မှာ ဟောင်းနွမ်းဆွေးမြည့်ပျက်စီးနေပြီဖြစ်ပါတယ်။ ဝန်ထမ်းများစွာအတွက်လည်း နေအိမ်နှင့် ဆေးရုံအတွက် ရင်ခွဲရုံလည်း လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကျောက်ထုမြို့နယ်ခွဲ ဆေးရုံအတွက် လိုအပ်နေသော ဆရာဝန်နေအိမ်၊ ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာနှင့် ရင်ခွဲရုံများဆောက်လုပ်ပေးနိုင်ပါရန်နှင့် မည်သည့် အချိန်တွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[ဦးဌေးမောင်၊ ဆောမဲဆန္ဒနယ်ကိုယ်စား ဦးခင်မောင်ဌေး၊ ထီးလင်းမဲဆန္ဒနယ်မှ မေးမြန်း ပါသည်။]

**လေးမျက်နှာမြို့နယ်ရှိကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအတွက် အထူးလိုအပ်လျက်ရှိသော ပန်းတောကြီးတိုက်နယ်ဆေးရုံ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးဘဌေး၊ လေးမျက်နှာမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘဌေး(လေးမျက်နှာမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဌေး ဖြစ်ပါ တယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းက ကြယ်ပွင့်ပြမေးခွန်းကတော့ ပန်းတောကြီးတိုက်နယ်

ကျေးလက်ဆေးပေးခန်းအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းရန်ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ် အနောက်ဘက်ခြမ်းပန်းတောကြီးတိုက်နယ်ရှိ ကျေးရွာအုပ်စု ၁၀ အုပ်စုတွင် လူဦးရေ ၃၆၁၄၂ ဦးရှိပါသည်။ ၎င်းတိုက်နယ်တွင် ကျန်းမာရေးဆေးပေးခန်းသာရှိပြီး တိုက်နယ်ဆေးရုံရှိသော လှော်ကထားတိုက်နယ် ဆေးရုံနှင့် ၁၀ မိုင်ခန့်ကွာဝေးသောကြောင့် အရေးပေါ်လူနာများသွားရောက်ကုသရာတွင် များစွာအခက်အခဲတွေ့ကြုံနေရပြီး လမ်းခရီးအခက်အခဲကြောင့် မရောက်ရှိနိုင်သည့်အတွက် လူနာများအသက်ဆုံးရှုံးမှုဖြစ်ပေါ်နေပါတယ်။ ၎င်းတိုက်နယ်သည် ရခိုင်ရိုးမနှင့်နီးစပ်၍ ကျေးရွာအုပ်စုများပါဝင်နေသည့်အတွက် ငှက်ဖျားရောဂါအများဆုံးဖြစ်ပွားခြင်း၊ မြွေဆိုးအန္တရာယ်ကြောင့် မြွေဆိုးကိုက်ခံရသည့် လူနာပေါ်များသည့် ဒေသတစ်ခုလည်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါဒေသတွင် ကျန်းမာရေးအတွက် အထူးအလေးထားလျက်ရှိသော တိုက်နယ်ဆေးရုံတစ်ရုံ ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်နှစ်ဦးရဲ့မေးမြန်းချက်ကို ကျန်းမာရေးဝန်ကြီးဌာနက တပေါင်းတည်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေမောင်၏ မေးခွန်းအားပြန်လည် ရှင်းလင်းတင်ပြသွားပါမယ်။ မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ် ကျောက်ထုတိုက်ကြီးဆေးရုံတွင် လိုအပ်နေတဲ့ဆရာဝန်နေအိမ်၊ ဝန်ထမ်းအိမ်ရာ၊ ရင်ကွဲရုံဆောက်လုပ်ရန်နှင့်ပတ်သက်၍ ဆောမြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းတွင် တည်ဆောက်ရန်အတွက် ဆောင်ရွက်တဲ့အချက်များကို ရှေးဦးစွာ တင်ပြလိုပါတယ်။ ဆောမြို့နယ်၊ လောင်းရှည်တိုက်နယ်ဆေးရုံတွင် ရင်ခွဲရုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းအတွက် သန်း ၅၀ ကိုလည်းကောင်း၊ ဆောမြို့နယ်၊ မန်ကျည်းကျေးလက်ကျန်းမာရေးဌာနအဆောက်အဦဆောက်လုပ်ရန်အတွက် ကျပ် သန်း ၂၀ ကိုလည်းကောင်း၊ ဆောမြို့နယ် ရင့်ရဲချောင်းကျန်းမာရေးဌာနခွဲ အဆောက်အဦဆောက်လုပ်ခြင်းအတွက် ကျပ် ၁၅ သန်း စုစုပေါင်း ကျပ် ၈၅ သန်းအား ရန်ပုံငွေအဖြစ်ခွဲဝေလျာထားခဲ့ပြီးဖြစ်ပါတယ်။ ဆောမြို့နယ် ကျောက်ထု

တိုက်နယ်ဆေးရုံတွင်လိုအပ်နေတဲ့ ဆရာဝန်နေအိမ် ဝန်ထမ်းအိမ်ရာ၊ ရင်ခွဲရုံများ ဆောက်လုပ်ရန် အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လျာထားရာ၌ ပါဝင်ခဲ့ခြင်းမရှိသေးပါ၍ ဆောက်လုပ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြလိုပါတယ်။ သို့ရာတွင် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှစ်အလိုက် စီမံကိန်းအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဌေး၏မေးခွန်းအား ဆက်လက်ပြန်လည်ဖြေကြားတင်ပြသွားပါမယ်။ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်တွင် ၂၅ ခုတင်ဆံ့ဆေးရုံတစ်ရုံ၊ တိုက်နယ်ဆေးရုံနှစ်ရုံ တိုက်နယ်ဆေးရုံများမှာ အိုင်သပြုတိုက်နယ်ဆေးရုံနှင့် လှော်ကထားတိုက်နယ်ဆေးရုံတို့ဖြစ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာနငါးခု တင်ပြပါကျေးလက်ကျန်းမာရေးဌာန ငါးခုမှာ အိုင်သပြု၊ သဲနုကုန်း၊ ဓမောက်စု၊ ပန်းတော်ကြီး၊ လှော်ကထားတို့ဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ ပန်းတောကြီး ကျေးလက်ကျန်းမာရေးဌာနသည် လူဦးရေ ၁၇၉၄၄ ဦး၊ အိမ်ခြေ ၄၁၈၉ အိမ်ရှိပြီး၊ ပုသိမ်-မုံရွာ လမ်းမကြီးဘေးတွင်တည်ရှိပြီး လမ်းအတွင်းပိုင်းသို့ တစ်မိုင်ခန့်ဝင်ရောက်ရပါတယ်။ ပန်းတောကြီးကျေးရွာသည် လှော်ကထားတိုက်နယ်ဆေးရုံနှင့် မော်တော်ကားလမ်းငါးမိုင်ခန့်၊ အင်္ဂပူမြို့နယ် ကွင်းကောက်တိုက်နယ်ဆေးရုံနှင့် မော်တော်ကားလမ်းလေးမိုင်ခန့်နှင့် လေးမျက်နှာမြို့နယ် သဲနုကုန်းကျေးလက်ကျန်းမာရေးဌာနခွဲနှင့် မော်တော်ကားလမ်းလေးမိုင်ခန့်ကွာဝေးကြောင်း သိရှိရပါတယ်။ ယခုလောလောဆယ်တွင် ပန်းတောကြီးကျေးရွာ၌ တိုက်နယ်ဆေးရုံဖွင့်လှစ်ရန် အစီအစဉ်မရှိသေးသော်လည်း ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှစ်အလိုက် စီမံကိန်းအရ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရမည်းသင်းခရိုင်၊ ခုတင် ၁၀၀ ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသော ဆရာဝန်များနှင့် ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာအသစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးဘိုနီ၊ ရမည်းသင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးဘိုနီ(ရမည်းသင်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရမည်းသင်းခရိုင် ခုတင် ၁၀၀ ဆေးရုံကြီးမှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများ ပြန်လည်အသစ်တည်ဆောက်ပေးရန်နှင့် ပျက်စီးနေသော ရေအိမ်များအသစ်တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလို ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျွန်တော်တို့ ရမည်းသင်းမြို့နယ်ဟာ ခရိုင်မြို့တစ်မြို့ဖြစ်ပြီး ရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာ ၆၃ အုပ်စု၊ ကျေးရွာပေါင်း ၂၆၄ ရွာ တစ်မြို့နယ်လုံးလူဦးရေ ၂၃၀၀၀၀ ကျော် နေထိုင်သော မြို့နယ်တစ်မြို့နယ်ဖြစ်ပါတယ်။ ရမည်းသင်းမြို့နယ်ပြည်သူလူထုအပြင် ရမည်းသင်း၊ ပျော်ဘွယ်နယ်စပ် ပြည်သူလူထုအချို့နှင့် ရမည်းသင်း-နတ်မောက်ပြည်သူလူထုအချို့ ကျန်းမာရေးအတွက် ရမည်းသင်းခရိုင်ခုတင် ၁၀၀ ဆေးရုံမှာ ကျန်းမာရေးအတွက် အားကိုးအားထားပြုနေရပါတယ်။ ယခုအခါ အဆိုပါဆေးရုံတွင် ဆေးရုံဝန်ထမ်း ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းအင်အားမှာ ၈၀ ခန့်ရှိပြီးဆေးရုံအတွင်းရှိ ဝန်ထမ်းအိမ်ရာတွင် နေထိုင်နိုင်သော ဆရာဝန်၊ ဆရာမများနှင့်ဝန်ထမ်းများမှာ ၃၇ ဦးခန့်သာရှိပါတယ်။ အချို့သော ဆရာဝန်၊ ဆရာမများနှင့်ဝန်ထမ်းများဟာ မြို့တွင်းအိမ်ငှားစျေးကြီးပေးပြီး နေထိုင်နေကြရပါတယ်။ လက်ရှိဆရာ/ဆရာမများနှင့် ဝန်ထမ်းများနေထိုင်နေသောဝန်ထမ်းအိမ်ရာများတွင် မိသားစုများ ကြပ်ကြပ်တည်းတည်း နေထိုင်နေရခြင်း၊ အဆောက်အဦများ၊ အမိုးအကာများ ပျက်စီးနေရခြင်းတို့ကြောင့် အသစ်တည်ဆောက်ပေးရန် လိုအပ်လျက်ရှိရာ လေးခန်းတွဲ လေးထပ်အဆောက်အဦများ တည်ဆောက်ပေးခြင်းဖြင့် ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ပါတယ်။

ဒါ့ပြင် လက်ရှိအသုံးပြုနေတဲ့ ခြောက်လုံးတွဲအပေါ်အောက် ၁၂ လုံး အဆောက်အဦနှစ်ခုဖြစ်သော ရေအိမ်များမှာ သုံးမရအောင်ပျက်စီးနေပြီး အနံ့အသက်ဆိုးများကြောင့် ဆေးရုံတက်ကုသနေသော မကျန်းမာသူများခံစားနေရပါတယ်။ သို့ဖြစ်ပါ၍ ရမည်းသင်းခရိုင်၊ ခုတင် ၁၀၀ ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသော ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာအသစ်များ ပြန်လည်တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် ဆေးရုံရှိရေအိမ်များ သုံးမရတဲ့အဆင့်ဖြစ်နေ၍ အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်း လေးစားအပ်

ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရန်ကင်းမြို့နယ်ရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ပေးနိုင်ရေးအတွက် ဒေသန္တရဆေးခန်းနေရာတွင် ခုတင် ၅၀ ဆံ့ သို့မဟုတ် သင့်လျော်သည့် ဆေးရုံတစ်ရုံတည်ဆောက်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသာဝင်း၊ ရန်ကင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသာဝင်း(ရန်ကင်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကင်းမဲဆန္ဒနယ်က ဦးသာဝင်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ရန်ကင်းမြို့နယ်နေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ပေးနိုင်ရေးအတွက် ဒေသန္တရဆေးခန်းနေရာမှာ ဆေးရုံဆောက်လုပ်ပေးတာနဲ့ပတ်သက်ပြီးတော့ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရန်ကင်းမြို့နယ်အတွင်း နေထိုင်ကြတဲ့ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရန်ကင်းမြို့နယ် စတင်တည်ထောင်စဉ်ကစပြီးတော့မှ ဒေသန္တရကျန်းမာရေးဆေးခန်းဖွင့်လှစ်လျက် ကျန်းမာရေးဝန်ကြီးဌာနက စီမံဆောင်ရွက်ထားရှိရာမှာ ယခုတိုင်ဖြစ်ပါတယ်။ ယခုအခါ ကျွန်တော်တို့ ရန်ကင်းမြို့နယ်အတွင်း နေထိုင်သူလူဦးရေဟာ ၆၀၀၀၀ ကျော်အထိ တိုးတက်များပြားလာပြီး နေထိုင်သူအများစုဟာ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားနဲ့ နိုင်ငံ့ဝန်ထမ်း မိသားစုအများစုနေထိုင်ကြပါတယ်။ ဒါကြောင့် ရန်ကင်းမြို့နယ်အတွင်းနေ ပြည်သူများနဲ့ ပတ်ဝန်းကျင်မြို့နယ်များမှ ပြည်သူများအတွက် ခုတင် ၅၀ ဆံ့ သို့မဟုတ် သင့်လျော်တဲ့ ဆေးရုံတစ်ရုံတည်ဆောက်၍ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ရန်ကင်းမြို့နယ်အတွင်း ဆေးရုံဆောက်လုပ်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနပိုင် မြေနေရာအမှတ်(၁၆)ရပ်ကွက် ပြည်သာယာဆေးရုံလမ်းပေါ်မှာ မြေဧရိယာ ၁၂၀ ပေ ပတ်လည် အကျယ်ရှိတဲ့ မြေနေရာရှိပါတယ်။ ယင်းမြေနေရာပေါ်မှာ ၁၃၃၅ ခုနှစ်၊ ၁၃၃၆ ခုနှစ်က ဆောက်လုပ် ထားတဲ့ ဟောင်းနွမ်းနေတဲ့ အဆောက်အဦမှာ ဒေသန္တရဆေးခန်းခွဲဖွင့်လှစ်ထားရှိပါတယ်။ အဆိုပါမြေနေရာမှာ အထပ်မြင့်ဆေးရုံဆောက်လုပ်၍ရရှိနိုင်ကြောင်း လေ့လာသိရှိရပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်အတွင်းနေပြည်သူများနဲ့ ပတ်ဝန်းကျင်မြို့နယ်များမှ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်

ဆောင်ရွက်ပေးနိုင်ရေးအတွက် အထက်တင်ပြပါ ဒေသန္တရဆေးခန်းနေရာမှာ သင့်လျော်တဲ့ဆေးရုံ တစ်ရုံအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဘတ်ဂျက်တွင် ထည့်သွင်းလျက် တည်ဆောက်အကောင် အထည်ဖော်ဆောင်ရွက်ပေးပါရန်နှင့် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိသိရှိလိုပါ သဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးရဲ့ မေးမြန်းမှုကို ကျန်းမာရေးဝန်ကြီးဌာနမှ တပေါင်းတည်း ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို နှုတ်ခွန်းဆက်သပါတယ်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆက်လက်ပြီး မေးခွန်းများကို ဖြေကြားသွားပါမယ်။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင် ခုတင် ၁၀၀ ဆံ့ဆေးရုံတွင် တာဝန်ထမ်းဆောင်နေသော ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာအသစ်များပြန်လည်တည်ဆောက်ပေးရန်နှင့် ဆေးရုံရှိ ရေအိမ်များသုံးမရဖြစ်နေ၍ အသစ်တည်ဆောက်ပေးနိုင်ရန်နှင့် ပတ်သက်၍ ဆေးရုံဆောက်လုပ်ခြင်းလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အဆောက်အဦပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ ရမည်းသင်းခရိုင်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆက်လက်ပြီးတင်ပြလိုပါတယ်။

ရမည်းသင်းမြို့နယ် သစ်ဆုံကြီးတိုက်နယ်ဆေးရုံ ခွဲစိတ်ခန်းဆောက်လုပ်ခြင်းအတွက် ကျပ်သန်း ၅၀၊ ရမည်းသင်းမြို့နယ် ထီးလှိုင်တိုက်နယ်ဆေးရုံ ခွဲစိတ်ခန်းဆောက်လုပ်ခြင်းအတွက် ကျပ်သန်း ၅၀၊ ပျော်ဘွယ်မြို့နယ် တောင်ချောင်းကျေးလက်ကျန်းမာရေးဌာန အဆောက်အဦဆောက်လုပ်ခြင်းအတွက် ကျပ်သန်း ၆၀၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်းအတွက် ကျပ်သန်း ၁၅၀၊ ပျော်ဘွယ်မြို့နယ် ပန်းတောကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦဆောက်လုပ်ခြင်းအတွက် ကျပ် ၃၀ သန်း စုစုပေါင်း ကျပ် ၃၄၀ သန်းအား ခွင့်ပြုရန်ပုံငွေလျာထားခဲ့ပြီးဖြစ်ပါတယ်။ ရမည်းသင်းခရိုင် ခုတင် ၁၀၀ ဆေးရုံတွင် တာဝန်ထမ်းဆောင်နေတဲ့ ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာအသစ်များ ပြန်လည်တည်ဆောက်ပေးရန်အတွက် ကျန်းမာရေး

ဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လျာထားချက်ခြင်းမရှိသေးပါ၍ ဆောက်လုပ်ပေးနိုင်ခြင်းမရှိပါ။ သို့ရာတွင် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နှစ်အလိုက် စီမံကိန်းများတွင် ထည့်သွင်း၍ အစီအစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြပါတယ်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းကို ပြန်လည်ရှင်းလင်းတင်ပြပါမယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်တွင် ခုတင် ၅၅၀ ဆံ့ကလေးရောဂါအထူးကု ဆေးရုံကြီးတစ်ရုံကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ ရန်ကင်းမြို့နယ် နယ်နိမိတ်နှင့်ကပ်လျက်ရှိတဲ့ တောင်ဥက္ကလာပတွင် ခုတင် ၁၅၀ ဆံ့ အမျိုးသမီးဆေးရုံ ရှိပါတယ်။ ထို့အတူ သင်္ဃန်းကျွန်းမြို့နယ်တွင် ခုတင် ၃၀၀ ဆံ့ သင်္ဃန်းကျွန်းစံပြ အထွေထွေရောဂါကုဆေးရုံကြီး ရှိပြီး ဗိုလ်တထောင်မြို့နယ်တွင် ခုတင် ၂၀၀ ဆံ့ ရန်ကုန်အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီးနှင့် တာမွေမြို့နယ်တွင် ရန်ကုန်မျက်စိရောဂါအထူးကုဆေးရုံကြီးနှင့် နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီးရှိပြီး ဗဟန်းမြို့နယ်ရှိ ခုတင် ၅၀ ဆံ့ တာဝါလိန်းအမျိုးသမီးဆေးရုံတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။

သို့ဖြစ်၍ ရန်ကင်းမြို့နယ်တွင် လောလောဆယ်အနေအထားအရ ဆေးရုံတစ်ရုံဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ သို့ရာတွင် ဖြစ်ထွန်းတိုးတက်လာတဲ့ အခြေအနေအရလည်းကောင်း၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်အတွက်လည်းကောင်း လိုအပ်ချက်များရှိပါက သင့်လျော်သော ဆေးရုံတစ်ရုံတည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် မေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၀။**

**မူကြမ်း**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က ဆင်းရဲနွမ်းပါးတောင်သူလယ်သမားများ၏ မြေယာမှုခင်းများ တရားရေးရာရုံးတွင် ဖြေရှင်းဆောင်ရွက်နိုင်စေရန် တံဆိပ်ခေါင်းအခွန် ကင်းလွတ်ခွင့်ပြုသော ဥပဒေတစ်ရပ် ပြဋ္ဌာန်းဆောင်ရွက်ပေးပါရန် လွှတ်တော်နှင့် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးစိန်ဝင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီအဆိုကို ၂၀၁၃ ခုနှစ်က တင်ထားခဲ့ခြင်းဖြစ်ပါတယ်။ ဒီအဆိုဟာ ဆင်းရဲနွမ်းပါးတဲ့တောင်သူလယ်သမားတွေအတွက် မတရားသိမ်းဆည်းခံရတဲ့လယ်ယာမြေတွေကို တရားရုံးမှာဖြေရှင်းနိုင်အောင် တစ်ဖက်က အခွန်တံဆိပ်ခေါင်းခွန် ကင်းလွတ်ခွင့်ရဖို့ ရည်ရွယ်တာဖြစ်သော်လည်း တကယ့်လက်ရှိအခြေအနေ၊ အချိန်အခါ၊ လက်ရှိအချိန်တွေမှာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ အခန်း(၈) ပုဒ်မ ၂၅ ပုဒ်မခွဲ(ဂ)မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာစီမံခန့်ခွဲမှုအဖွဲ့ရဲ့ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်ဟု ဖော်ပြကန့်သတ်ထားသည့်အတွက် ကျွန်တော့်အဆိုကို ပြန်လည်ရုတ်သိမ်းပါကြောင်း၊ ရုတ်သိမ်းခွင့်ပြုပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကို တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက တင်သွင်းခဲ့တဲ့အဆိုကို ပြန်လည်ရုတ်သိမ်းဖို့ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြထားပါတယ်။ ဒါကြောင့် ဒီအဆိုအား ပြန်လည်ရုတ်သိမ်းဖို့အတွက် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**မူကြမ်း**

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းတင်သွင်းတဲ့အဆိုကို လွှတ်တော်က ရုတ်သိမ်းကြောင်းကြေညာပါတယ်။

## တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေး ကော်မတီက ၂၀၁၃ ခုနှစ်၊ အသက်ဘေး အန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာများအား အချိန်မီ ဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီက ၂၀၁၃ ခုနှစ်၊ အသက်ဘေး အန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာများအား အချိန်မီ ဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေးဥပဒေကြမ်း တင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**သူရဦးအောင်ကို(ဥက္ကဋ္ဌ၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ )။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ထိခိုက်ဒဏ်ရာရရှိတဲ့ လူနာများကို အချိန်မီ ကူညီစောင့်ရှောက်ပေးနိုင်ဖို့အတွက်ကို ကျွန်တော်တို့ ကော်မတီအနေနဲ့ ဥက္ကဋ္ဌကြီးရဲ့တာဝန်ပေးချက်အရ ၂၀၁၃ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ အဆိုတစ်ရပ်တင်သွင်းခဲ့ပါတယ်။ ဆက်လက်ပြီးတော့ ဒီအဆိုနဲ့ပတ်သက်ပြီးတော့မှ ဥပဒေကြမ်းတစ်ရပ်ကိုလည်းပဲ ဆက်လက်တင်သွင်းခဲ့ပါတယ်။ ရေးဆွဲတင်သွင်းထားတဲ့ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့မှ ပြည်သူ့လွှတ်တော်ကနေပြီးတော့မှ ဖွဲ့စည်းထားတဲ့ ဥပဒေကြမ်းကော်မတီ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် နောက် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီအပြင် ပြည်ထောင်စုအဖွဲ့အစည်းတွေဖြစ်တဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန အစရှိတဲ့ အဖွဲ့အစည်းအသီးသီးက တာဝန်ရှိပုဂ္ဂိုလ်များနဲ့ ကျွန်တော်တို့တွေ့ဆုံပြီးတော့မှ တင်သွင်းထားတဲ့

ဥပဒေကြမ်းအပေါ်မှာ အကြိမ်ကြိမ်ညှိနှိုင်း ဆွေးနွေးပြီးတော့မှ လိုအပ်တဲ့ပြင်ဆင်ဖြည့်စွက်မှုတွေကို ကျွန်တော်တို့ပြုလုပ်ခဲ့ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီဥပဒေကြမ်းကို မူလရေးဆွဲတုန်းကတော့ ရန်ကုန်-နေပြည်တော်- မန္တလေး အမြန်လမ်းမကြီးပေါ်မှာ မကြာခဏဆိုသလိုဖြစ်ပွားနေတဲ့ Accident မော်တော်ယာဉ်မတော်တဆထိခိုက်မှုများကို အကြောင်းပြုပြီးတော့မှ ရေးဆွဲခဲ့တာဖြစ်ပါတယ်။ ဒီအဆိုနဲ့ဥပဒေကြမ်း ဆက်လက်တင်သွင်းနေချိန်က စပြီးတော့မှ ၁၁၅ မိုင်မှာလည်းပဲ လိုအပ်တဲ့ လှုပ်ရှား ရှေးဦးသူနာပြု Team တစ်ခုလည်း ဖွဲ့စည်းတည်ထောင်ပြီးတော့မှ လိုအပ်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေ လုပ်ပေးတာမို့လို့ အတိုင်းအတာတစ်ခုထိ သက်သာရာရခဲ့ပါတယ်။ အဲ့ဒီအချိန်မှာပဲ နိုင်ငံတစ်ဝှမ်းမှာရှိတဲ့ လူထုလူတန်းစားအဖွဲ့အစည်း ပေါင်းစုံကနေပြီးတော့မှ အကြံပြုချက်များ ရောက်ရှိလာခဲ့ပါတယ်။ အဲ့ဒါကတော့ အမြန်လမ်းမကြီးပေါ် မှာဖြစ်ပွားနေတဲ့ မော်တော်ယာဉ် Accident သာမကဘဲနဲ့ တစ်နိုင်ငံလုံးမှာဖြစ်ပွားနေတဲ့ ယာဉ်မတော်တဆထိခိုက်မှုများ၊ သင်္ဘော တိမ်းမှောက်မှုများ၊ ရထား Accident များအပြင် လေယာဉ် Accident များအပါအဝင် သဘာဝဘေးအန္တရာယ်တွေဖြစ်တဲ့ ခုနက မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ လျှော်လှုပ်ခြင်း၊ မီးလောင်ခြင်း စတဲ့အန္တရာယ်မျိုးစုံများ အကျုံးဝင်ပါဝင်တဲ့ဥပဒေ ဖြစ်သင့်တယ်လို့ ပြည်သူကြားကနေမှ အကြံပြုတင်ပြချက်တွေရရှိလာခဲ့ပါတယ်။ အဲ့ဒီအကြံပြုချက်များအရ မတော်တဆထိခိုက်မှုဖြစ်စဉ်တွေအားလုံးပါဝင်တဲ့ ဥပဒေကြမ်းတစ်ရပ်ကို ပြင်ဆင်ရေးဆွဲပြီးတော့မှ ကျွန်တော်တင်ပြခဲ့တဲ့ အဖွဲ့အစည်းပေါင်းစုံနဲ့ ပဉ္စမအကြိမ် ထပ်မံညှိနှိုင်းပြီးမှ အတည်ပြုခဲ့တာဖြစ်ပါတယ်။ သို့သော် ဒီဟာကို ကျွန်တော်တို့က ဥပဒေမပြဋ္ဌာန်းသေးတဲ့အခါကျတော့ အချို့ဒေသတွေမှာတော့ဖြင့် Accident များကြောင့်မို့လို့ မလိုလားအပ်တဲ့ဆုံးရှုံးမှုများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းခဲ့တာလည်း တစ်နှစ်ကျော်ကြာမြင့်ပြီဖြစ်လို့မို့ ထိခိုက်ဒဏ်ရာရရှိတဲ့လူနာများကို ကာကွယ်ကူညီစောင့်ရှောက်ရေးဆိုင်ရာဥပဒေကြမ်းကို ဤလွှတ်တော်ကြီးကနေပြီးတော့မှ လက်ခံဆွေးနွေး အတည်ပြုပေးနိုင်ဖို့အတွက်ကို လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာများအား အချိန်မီ ဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာများအား အချိန်မီ ဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝါနု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု ဖြစ်ပါတယ်ရှင်။ ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူနာများအား အချိန်မီ ဆေးကုသနိုင်ရေး အတွက် ကူညီစောင့်ရှောက်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီကိုယ်စား တင်ပြမှာ ဖြစ်ပါတယ်ရှင်။

၁။ ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ဆောင်ရွက်ရေးကော်မတီကတင်သွင်းသော ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူနာများအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်းအား ၂-၇-၂၀၁၃ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် လွှတ်တော်မှ လက်ခံဆွေးနွေးရန် အတည်ပြုခဲ့ပါတယ်။

၂။ ယင်းဥပဒေကြမ်းအား ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့တွင် တင်သွင်းခဲ့သော မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြစ်ပွားနေသော ယာဉ်မတော်တဆဖြစ်ပွားမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် လူနာများအား အချိန်မီ ဆေးကုသနိုင်ရေးအတွက် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများ ဆောလျင်စွာ ထုတ်ပြန်ပေးနိုင်ရေးအတွက် တိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူနာများအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်းကို ရေးဆွဲခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၃-၇-၂၀၁၃ ရက်နေ့တွင် ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီး ဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းဆွေးနွေးခဲ့ရာ ပြန်လည် လေ့လာပြီး အကြံပြုချက်များ ပေးပို့ရန် သဘောတူညီခဲ့ပါသည်။

၄။ အကြံပြုချက်များ ထပ်မံရရှိသဖြင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၆-၆-၂၀၁၄ ရက်နေ့တွင် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ပြန်လည်ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ယင်းဥပဒေကြမ်းသည် အခန်းပေါင်း (၄) ခန်းနှင့် အပိုဒ်ပေါင်း (၁၅) ခု ပါရှိပါသည်။

(၂) ဥပဒေခေါင်းစီးအား ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာများအား ကူညီ စောင့်ရှောက်ပေးရေးဥပဒေဟု ပြင်ဆင်ပါသည်။

(၃) နိဒါန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း အကြောင်းအမျိုးမျိုးကြောင့် အသက်ဘေးအန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူများကို အချိန်မီဆေးကုသ နိုင်ရန် ကူညီစောင့်ရှောက်ပေးရေးအတွက် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေ ကိုပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်ပါသည်။

(၄) အခန်း(၁) အပိုဒ် ၁ အား ဤဥပဒေကို ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာများ အားကူညီစောင့်ရှောက်ပေးရေးဥပဒေဟု ခေါ်တွင်စေရမည်ဟု ပြင်ဆင်ပါသည်။

(၅) အပိုဒ် ၂ အပိုဒ်ခွဲ(က)အား ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာဆိုသည်မှာ ယာဉ် တစ်မျိုးမျိုးကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ အခြား တစ်နည်း နည်းကြောင့်ဖြစ်စေ လူနာ၏ အသက်အန္တရာယ် သို့မဟုတ် ကိုယ်လက်အင်္ဂါချို့ယွင်းမှု

အန္တရာယ်နှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုအန္တရာယ်များရှိသော ပုဂ္ဂိုလ်ကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

( ၆) အပိုဒ် ၂ အပိုဒ်ခွဲ(ခ) နှင့် (င)၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၁ အပိုဒ်ခွဲ (ခ) နှင့် အပိုဒ် ၁၄ တို့အား မလိုအပ်သဖြင့် ပယ်ဖျက်ပါသည်။

( ၇) အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)ရှိ ဆေးကုသစောင့်ရှောက်ပေးသူဆိုသည်မှာ စကားရပ်အား ကျန်းမာရေးကုသစောင့်ရှောက်မှုပေးသူ ဆိုသည်မှာဟု ပြင်ဆင်၍၊ ရှေးဦးသူနာပြု တတ်ကျွမ်းသူများ သို့မဟုတ် ဆိုသည့်စကားရပ်နှင့် နှင့် နည်းပညာကျွမ်းကျင်သူ ဆိုသည့်စကားရပ်များမှာ မလိုအပ်သဖြင့် ပယ်ဖျက်ပါသည်။

( ၈) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)အား အပိုဒ်ခွဲ(ဂ) အဖြစ် ဆေးရုံ သို့မဟုတ် ဆေးခန်း ဆိုသည်မှာ အစိုးရမှ ဖွင့်လှစ်ထားသော ဆေးရုံ၊ ဆေးခန်း သို့မဟုတ် ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဥပဒေနှင့်အညီ ဖွင့်လှစ်ထားသော ပုဂ္ဂလိကဆေးရုံ သို့မဟုတ် ဆေးခန်း များကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

( ၉) အပိုဒ် ၂ အပိုဒ်ခွဲ(စ)အား အပိုဒ်ခွဲ(ဃ) အဖြစ် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ် လူနာများအား ကူညီစောင့်ရှောက်ရန် တာဝန်ဆိုသည်မှာ ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာများအား ကူညီစောင့်ရှောက်ရန် ဤဥပဒေအခန်း(၂)တွင် သတ်မှတ် ထားသော တာဝန်များကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၀) အပိုဒ် ၂ အပိုဒ်ခွဲ(င)အဖြစ် သက်ဆိုင်ရာဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီး ဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန တို့ကိုဆိုသည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၁၁) အခန်း(၂) ခေါင်းစဉ်အား ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာများအား ကူညီ စောင့်ရှောက်ခြင်း ဟု ပြင်ဆင်ပါသည်။

(၁၂) အခန်း(၂) အပိုဒ် ၃ အား မည်သူမဆို ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာအား တွေ့ရှိပါက အချိန်မီ ဆေးကုသနိုင်ရေးအတွက် အနီးဆုံးဆေးရုံ၊ ဆေးခန်း သို့မဟုတ် ကျန်းမာရေးကုသစောင့်ရှောက်မှုပေးသူထံ ဆောလျင်စွာရောက်ရှိရန် သင့်လျော်သော နည်းလမ်းဖြင့် ဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၁၃) အပိုဒ် ၄ နှင့် အပိုဒ် ၅ တို့အား အပိုဒ် ၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

**မူကြမ်း**

၄။(က) ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာအား စတင်လက်ခံရရှိသည့် ကျန်းမာရေး ကုသစောင့်ရှောက်မှုပေးသူသည် မိမိ၏ ကျွမ်းကျင်မှုအဆင့် အလိုက် အမြင့်ဆုံး ကုသမှုကို ဆောင်ရွက်ပေးရမည်။

( ခ) ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာအား စတင်လက်ခံရရှိသည့် ဆေးရုံ သို့မဟုတ် ဆေးခန်းသည် ယင်းတို့၏ ဆေးဝါး၊ ကုသရေးကိရိယာနှင့် ကျွမ်းကျင်မှုအဆင့်အလိုက် အမြင့်ဆုံး ကုသမှုကို ဆောင်ရွက်ပေးရမည်။

( ဂ) ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာသည် မှုခင်းဆိုင်ရာ ထိခိုက်ဒဏ်ရာ ရရှိခြင်းဖြစ်ပါက ဆေးရုံ၊ ဆေးခန်း သို့မဟုတ် ကျန်းမာရေးကုသ စောင့်ရှောက်မှုပေးသူသည် နီးစပ်ရာ ရဲတပ်ဖွဲ့သို့ ဆောလျင်စွာ ဆက်သွယ် အကြောင်းကြားရမည်။

(၁၄) အခန်း(၃) အပိုဒ် ၁၀ အား အပိုဒ် ၈ အဖြစ် မည်သူမဆို ထိခိုက်ဒဏ်ရာရရှိသော အရေး ပေါ်လူနာအား ကူညီစောင့်ရှောက်ရန် တာဝန်ကိုလိုက်နာရန် တမင်ပျက်ကွက်ကြောင်း ပေါ်ပေါက်ပါက အနည်းဆုံး ကျပ် ၃၀၀၀၀/- မှ အများဆုံး ကျပ် ၅၀၀၀၀/- အထိ ငွေဒဏ်ချမှတ်ခြင်းခံရမည်ဟု အခန်း (၄) အဖြစ် ပြင်ဆင်ထားသည့် ပြစ်မှုနှင့် ပြစ်ဒဏ် များအခန်းသို့ ပြောင်းရွှေ့ပြင်ဆင်ပါသည်။

(၁၅) အခန်း(၃) ခေါင်းစဉ်အဖြစ် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းဟု အသစ် ဖြည့်စွက်သဖြင့် အခန်းအမှတ်စဉ်များပြောင်းလဲသွားပါသည်။

(၁၆) အခန်း(၃)၊ အပိုဒ် ၁၁ အပိုဒ်ခွဲ(က) အား အပိုဒ် ၅ စာချိုးအဖြစ် ပုဒ်မ ၄ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်ကိုလိုက်နာရန် ပျက်ကွက်သည့် ကျန်းမာရေးကုသစောင့်ရှောက်မှုပေးသူ သည် သက်ဆိုင်ရာကျန်းမာရေးဆိုင်ရာကောင်စီအသီးသီးက ချမှတ်သည့် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်းခံရမည်ဟုလည်းကောင်း၊ အပိုဒ် ၁၁ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ်(၁) နှင့် (၂) တို့အား အပိုဒ် ၅ အပိုဒ်ခွဲ(က) နှင့် (ခ) အဖြစ်ပြင်ဆင်ပါသည်။

(၁၇) အပိုဒ် ၁၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃) အား အပိုဒ်ခွဲ(ဂ) အဖြစ် ဆေးကုသ ခွင့်လိုင်စင် သို့မဟုတ် ဆေးဝါးကုသမှုဆိုင်ရာလိုင်စင် သို့မဟုတ် ကျန်းမာရေးဆိုင်ရာအသိအမှတ် ပြုလက်မှတ် တစ်မျိုးမျိုးအား ကာလကန့်သတ်၍ ရပ်ဆိုင်းခြင်း၊ ဟုလည်းကောင်း၊

**မူကြမ်း**

အပိုဒ်ခွဲငယ်(၄) အား အပိုဒ်ခွဲ(ဃ) အဖြစ် ဆေးကုသခွင့်လိုင်စင် သို့မဟုတ် ဆေးဝါးကုသမှုဆိုင်ရာလိုင်စင် သို့မဟုတ် ကျန်းမာရေးဆိုင်ရာ အသိအမှတ်ပြု လက်မှတ်တစ်မျိုးမျိုးအား ရုပ်သိမ်းခြင်းဟု အသီးသီးပြင်ဆင်ပါသည်။

(၁၈) အပိုဒ် ၆ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၆။ ပုဒ်မ ၄ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်သည့် ပုဂ္ဂလိကဆေးရုံ သို့မဟုတ် ဆေးခန်းသည် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့က ချမှတ်သည့် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်းခံရမည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်ကို ကာလ အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်ကို ရုပ်သိမ်းခြင်း။

(၁၉) အပိုဒ် ၇ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၇။ ပုဒ်မ ၄ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်သည့် နိုင်ငံတော်ပိုင်ဆေးရုံ၏ တာဝန်ရှိသူသည် ကျန်းမာရေးဦးစီးဌာနက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ် ခြင်းခံရမည်။

(၂၀) အခန်း(၃) အား အခန်း(၄) ပြစ်မှုနှင့် ပြစ်ဒဏ်များဟု ပြင်ဆင်ပါသည်။

(၂၁) အပိုဒ် ၉ အဖြစ် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကျန်းမာရေးကုသစောင့်ရှောက်မှုပေးသူက အချိန်မီဆေးကုသရန် တာဝန်ပျက်ကွက်၍ လူနာသေဆုံးကြောင်းပေါ်ပေါက်ပါက တစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ချမှတ်ရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၂၂) အပိုဒ် ၁၂ အား အပိုဒ် ၁၀ အဖြစ် ထိခိုက်ဒဏ်ရာရရှိကြောင်း သိရှိရသည့် တာဝန်ရှိသူသက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်ဟု ပြင်ဆင်ပါသည်။

(၂၃) အခန်း(၄) အား အခန်း(၅) အထွေထွေဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၂၄) အပိုဒ် ၁၁ နှင့် အပိုဒ် ၁၂ တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၁၁။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၁၂။ ဤဥပဒေအရ အရေးယူခံရသူသည် ပြည်သူ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအကြီးအမှူး၏ တရားစွဲဆိုရန် ခွင့်ပြုမိန့်ကို ရယူ ရမည်။

(၂၅) အပိုဒ် ၁၃ အား ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာအား ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ကူညီစောင့်ရှောက်သူ မည်သူ့ကိုမဆို တရားစွဲဆိုခြင်း၊ အရေးယူခြင်းမပြုရဟု ပြင်ဆင်ပါသည်။

(၂၆) အပိုဒ် ၁၅ အား အပိုဒ် ၁၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနသည် -

(က) လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅။ သို့ဖြစ်ပါ၍ ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာများအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေးဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း အစီရင်ခံတင်ပြအပ်ပါသည်ရှင်။

**တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေး ကော်မတီက တင်သွင်းသည့် ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူနာများအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီ စောင့်ရှောက်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို**

**မူကြမ်း**

## တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆ နှင့် ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၄-၇-၂၀၁၄ ရက်(သောကြာနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက သတ္တုတွင်းဥပဒေကို ပြင်ဆင်လိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာများကို ၃-၇-၂၀၁၄ ရက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ဖို့ တင်ပြခဲ့ပါတယ်။ ဒီတင်ပြချက်ကို ၅-၇-၂၀၁၄ ရက်နေ့ထိကို ပြန်လည်ရွှေ့ပြောင်းထားပါတယ်။ ဒါကြောင့်မို့လို့ ပြင်ဆင်ချက်ပေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၅-၇-၂၀၁၄ ရက်နေ့ သတ်မှတ်ထားတဲ့အချိန်အထိ စာရင်းပေးသွင်းနိုင်ကြောင်း ထပ်မံအသိပေးကြေညာပါတယ်။ ဒါကြောင့် ပြင်ဆင်လိုတဲ့ပုဂ္ဂိုလ်များအနေနဲ့ ၃-၇-၂၀၁၄ အစား ၅-၇-၂၀၁၄ နေ့ကို ပြင်ဆင်နိုင်ဖို့အတွက် ပြောင်းလဲထားကြောင်း ထပ်မံတင်ပြပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၂)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၁-၇-၂၀၁၄ (အင်္ဂါနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၅။**

**မူကြမ်း**

**အခမ်းအနားမှူး။**	။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။**	။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၁၁း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**